mgyoe.com SAMPLE BOOK

# မာတိကာ


- ရွှေရတုလွန်အမှတ်တရ စာအုပ်အတွက် အမှာ
- ရာပြည့်အမှတ်တရ ကျေးဇူးတင်လွှာ
၁။ ဂီတနက်သန် ကိုစောညိန်း၏ အတ္ထုပ္ပတ္တိ
၂။ ဂီတနက်သန် ကိုစောညိန်း၏ လက်ရာ ပန်းချီကားများ
၃။ ဂီတနက်သန် ကိုစောညိန်း ရေးဆွဲခဲ့သော ကာတွန်းလက်ရာများ
၄။ ဂီတနက်သန် ကိုစောညိန်း ရေးစပ်ခဲ့သော ကဗျာများ
၅။ ဂီတနက်သန် ကိုစောညိန်း ရေးသားခဲ့သော စာညွန့်တစ်ပုဒ်
၆။ ဂီတနက်သန် ကိုစောညိန်း ရေးသားခဲ့သော ဆောင်းပါးများ-
၇။ ဂီတနက်သန် ကိုစောညိန်း ရေးသားခဲ့သော ဝတ္ထုတိုများ
၈။ ဂီတနက်သန် ကိုစောညိန်း၏ ပေးစာများ
၉။ ဂီတနက်သန် ကိုစောညိန်း၏ ပေးစာ လက်ရေးမူများ

- နောက်ဆက်တွဲ -

၁၀။ မြေလတ်မေ (ခ) ရီရီမေထံမှ ကိုစောညိန်းသို့ ပေးစာ (မြေလတ်မေ)
၁၁။ ဂီတနက်သန် ကိုစောညိန်းသို့ ငွေရတု ဂုဏ်ပြုတေး (ရန်နိုင်ဆွေ)
၁၂။ နက်သန်ရှင်မှူး (ဂီတနက်သန် ဦးအုန်းလွင်)
၁၃။ နှစ်ပေါင်းငါးဆယ် ကြာသော်လည်း (နန်းညွန့်ဆွေ)
၁၄။ ဂီတနက်သန် ကိုစောညိန်း၏ ငွေရတုသဘင် ကျင်းပခဲ့စဉ်က (ကြည်ဦး)
၁၅။ တေး၏ ကြေးမုံ (စကားဝိုင်း)
၁၆။ မိုးအစ... မိုးအလယ်... မိုးအဆုံး (စောနိုင်ဦး)
- 'နွေနှောင်းဝသန်' ဘယ်သူရေးခဲ့ပါသလဲ (စောနိုင်ဦး)
၁၇။ ချစ်ပြုံးနှင်းဆီ ရှိနေသည် [နေခြည်န (ရေနံချောင်း)]
၁၈။ မမေ့တဲ့ နိုင် (မြေလတ်မေ)
၁၉။ တမ်းတဖွယ်သူ (သို့) ကျွန်မဦးလေး ဂီတနက်သန် ကိုစောညိန်း (တူမစောညိန်း)
၂၀။ ဂီတနက်သန် ကိုစောညိန်း၏ စာပေ (စာတမ်း) (အောင်နိုင်-တက္ကသိုလ်)
၂၁။ ဂီတနက်သန် ကိုစောညိန်း ရေးစပ်သီကုံးခဲ့သော သီချင်းများ


mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ

(ရွှေရတုအလွန် အမှတ်တရ မှ)

ဂီတနက်သန် ကိုစောညိန်းဟာ ၁၂၈၆ ၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ အင်္ဂါနေ့ (၃၁.၃.၁၉၂၅) မှာ မွေးပြီး ၁၃၁၄၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၃၁.၁၀.၁၉၅၂) နေ့မှာ ကွယ်လွန်ပါတယ်။ သူ့အနေနဲ့ လူ့ဘဝမှာ ၂၇ နှစ်နဲ့ ခုနစ်လတိတိပဲ နေထိုင်သွားရပါတယ်။ သူ့ရဲ့ အနုပညာ၊ သူ့ရဲ့ အောင်မြင်မှု၊ သူ ဘာတွေ လုပ်သွားခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဒီစာအုပ်နဲ့ သူ့သီချင်းဂီတတွေက ပြောပြပါလိမ့်မယ်။

ကျွန်တော်ကတော့ ဒီအမှာစာမှာ ကိုစောညိန်းရဲ့ ကံကြမ္မာနဲ့ ပတ်သက်ပြီး ဖောင်းပေး ပြောချင်ပါတယ်။ ကိုစောညိန်း နေထိုင်သွားရတဲ့ ခဏတာလေးဟာ မမွေ့မြခဲ့ဘူး။ 'အနုပညာ' က လွဲလို့ ဘာမှ ရမသွားရှာပါဘူး။ ပြောချင်တာက စီးပွားရေးနဲ့ နှလုံးသားရေးပါ။ သူ့ဘဝဟာ ပန်းမပေါတဲ့ ခယောင်းတောလမ်းပါ။

အချစ်ရေးမှာ ကံမကောင်းခဲ့ဘူး။ အချစ်ဦးဖြစ်တဲ့ 'သစ္စာခင်' အတွက် 'ပွင့်ဦး' ကြွေခဲ့ရတယ်၊ ဒုတိယအကြိမ် တွယ်တာ သံယောဇဉ်ဖြစ်ခဲ့ရတဲ့ 'မြေလတ်မေ' ခေါ် 'ရီရီမေ' နဲ့လည်း သေသာသေရော လူချင်းတောင် ဆုံမသွားရရှာဘူး။ ဓာတ်ပုံအပြန်အလှန်ပို့၊ စာချင်း ဆက်သွယ်ရင်းကပဲ သိကျွမ်းခဲ့ရတာလေ။ ချစ်နှစ်သက်သော သူတို့နဲ့ ကွေကွင်းရသူတစ်ဦးရဲ့ ဘဝခများ သာယာပါလေစ။

ဂီတနက်သန် ကိုစောညိန်းဟာ ဥစ္စာခနေ ပြည့်စုံသူတစ်ဦးလည်း မဟုတ်ပါဘူး။ မိဘနှစ်ပါးနဲ့ လူမမည် ညီလေးတစ်ယောက်ကို ရှာဖွေကျွေးမွေးနေရတယ်။ စာပေနဲ့ ဂီတအတွက် အငတ်ငတ် အပြတ်ပြတ် အသက်မွေးရတယ်။ ထောက်ပံ့ကြေး တစ်ပြားမှ မရတဲ့ 'ဂီတနက်သန်' အပျော်တမ်းဝိုင်းကို အလူးလူး အလဲလဲ ကျားကန်ခဲ့တာ တစ်နှစ်ခွဲလောက်ပဲ ခံတယ်။ မြန်မာ့အသံမှာ အသံသွင်းဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ကို ထမင်းကျွေး လှူဒါန်းပြီး ကိုစောညိန်းကို အမျှဝေတယ်။ ကိုစောညိန်း နေထိုင်သွားရာ အမှတ် (၇၃)၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှာ တူမဖြစ်သူ ဒေါ်ထားထားရီက အထိမ်းအမှတ်ပွဲ အလှူအတန်း လုပ်ပါတယ်။ သံဃာတော်တွေ ပင့်၊ အရုဏ်ဆွမ်းကပ်၊ သင်္ကန်း အစရှိတဲ့ လှူဖွယ်ဝတ္ထုတွေ ဒါနပြုပြီး ကောင်းမှုကုသိုလ် ရည်စူးတယ်။ စာပေနယ်၊ ဂီတနယ်နဲ့ မိတ်ဆွေ အပေါင်းအသင်းတွေကို ဖိတ်ကြား ကျွေးမွေးတယ်။ တစ်ပိုင်တစ်နိုင်၊ တစ်ထိုင်ပွဲလေး လုပ်ပြီး ဆိုကြ၊ တီးကြပါတယ်။ ကုန်ကျငွေ နှစ်သိန်းကျော်၊ သုံးသိန်းလောက် ရှိခဲ့ပေမဲ့ ဘယ်သူ့ဆီကမှ တစ်ပြားတစ်ချပ် အကူအညီ မယူခဲ့ပါဘူး။ ကိုစောညိန်း သီချင်းတွေ ရောင်းရတဲ့ အနုပညာကြေးနဲ့ မိသားစု ချွေးနဲ့စာ ပေါင်းပြီး ဖြစ်အောင် လုပ်ခဲ့တာ ဖြစ်ပါတယ်။ အောင်အောင်မြင်မြင်ပဲ ပြီးခဲ့တယ် ဆိုပါတော့။

ဂီတနက်သန် ကိုစောညိန်း ကွယ်လွန်ခြင်း နှစ် (၅၀) ရွှေရတုနှစ်ဟာ နှစ်နှစ်ကျော်ကျော် ကြာလာပြီဖြစ်ပေမဲ့ အထိမ်းအမှတ်စာအုပ်လေး တစ်အုပ်တောင် ဖြစ်မလာရှာဘူး။ ဒါနဲ့ မူလတာဝန်ယူထားတဲ့ အသင်းကို အကြောင်းကြားပြီး ကိုစောညိန်းမိသားစုက စာအုပ်ထုတ်ဝေရေးကိစ္စကို ကိုယ့်အစီအစဉ်နဲ့ကိုယ် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ မျိုးဆက်တွေ လုပ်နေတဲ့ 'ကံ့ကော်ဝတ်ရည်' စာပေနဲ့ ဆက်မိရာက စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူနဲ့ ဒီစာအုပ်အတွက် လုံးပန်းကြပါတယ်။ နောက်ဆုံးတော့ ကိုစောညိန်း အမှတ်တရ စာအုပ်တစ်အုပ် အောင်အောင်မြင်မြင် ပေါ်ထွက်လာခဲ့ပါပြီ။

အားလုံးကို နိဂုံးချုပ်ပါမယ်။ ကိုစောညိန်းဟာ နေသွားရတဲ့ လူ့ဘဝ ခဏတာလေးမှာ ဆူးခင်းထားတဲ့ ခယောင်းလမ်းပေါ် လျှောက်ခဲ့ရတယ်။ ဒါပေမဲ့ နောက်ဆုံးမှာ ကျော်ကြားမှု၊ အောင်မြင်မှု ရခဲ့ပါတယ်။ ယနေ့ထက်ထိတိုင်အောင်ပါပဲ။ သူ့သီချင်းတွေ ဆိုကြ တီးကြ၊ နားထောင်နေကြရသမျှ ကာလပတ်လုံး သူ့ကိုလည်း သတိရ လွမ်းဆွတ်နေကြဦးမှာ ဖြစ်ပါတယ်။

ကိုစောညိန်း ကွယ်လွန်တဲ့ (၂၅) နှစ်ပြည့်၊ ငွေရတုကို ငွေရတုလွန်ပြီး နှစ်နှစ်ကျော်ကြာမှ ကျင်းပဖြစ်တယ်။ အနှောင့်အယှက်၊ အခက်အခဲ အမျိုးမျိုးကြားကနေ ဂီတဂုဏ်ပြုပွဲ လုပ်ဖြစ်ပြီး အထိမ်းအမှတ်စာအုပ် ထုတ်ဖြစ်တယ်။ နောက်ဆုံးတော့ အောင်မြင်တာပါပဲ။

၂၀၀၂ ခုနှစ်၊ ရွှေရတုကာလအတွင်းမှာလည်း အဆင်မပြေမှု၊ အခက်အခဲ အမျိုးမျိုးနဲ့ ထပ်တွေ့ရပါတယ်။ ကျွန်တော်က ဘာဘာ နန်းညွန့်ဆွေနဲ့ အဘွား

mgyoe.com

mgyoe.com SAMPLE BOOK

## ရာပြည့်အမှတ်တရ ကျေးဇူးတင်လွှာ

ဂီတနက်သန် ကိုစောညိန်းနှင့် ဂီတနက်သန်အကြောင်း ရေးသားပြုစုထားသော စာအုပ်များကို ကျွန်တော် လက်လှမ်းမီသ၍ ရှာဖွေဖတ်ရှု စုဆောင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ၊ ရှုမဝမဂ္ဂဇင်း၌ ရေးသားခဲ့သော ဆရာသန်းဆွေ၏ 'ချစ်ထံတဲ့ချာရှင်' ဝတ္ထုရှည်ကို ၁၉၆၁ ခုနှစ်တွင် ဦးဘရီနှင့် သမီးများ စာပေက ပထမ အကြိမ်အဖြစ် လုံးချင်းစာအုပ် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်သည် ဂီတနက်သန် ကိုစောညိန်းနှင့် ပတ်သက်၍ ပထမဦးဆုံး ထွက်ရှိလာသော စာအုပ်ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်၊ ဩဂုတ်လ၊ အေးအေး စာပေတိုက်ထုတ် '၂ ခေတ်ပေါင်း ဂီတနက်သန်' သီချင်းညွှန့်ပေါင်းနှင့် သူတို့ဘဝဖြစ်စဉ် စာအုပ်ကို ဂီတနက်သန် သမိုင်းနှင့် ပတ်သက်၍ ဒုတိယမြောက် အစောဆုံး ထွက်ရှိလာသည့် စာအုပ်အဖြစ် တွေ့ရပါသည်။

ထို့နောက် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေး အသင်း စာစဉ် (၁၆) အဖြစ် စာရေးဆရာကြီး ဘာဘနန်းညွှန့်ဆွေ တည်းဖြတ်ပြုစု သည့် 'ဂီတနက်သန် ကိုစောညိန်းစာပေနှင့် ဂီတစာအုပ်' ထွက်ရှိခဲ့ပါသည်။ ဘာဘ နန်းညွှန့်ဆွေသည် ကိုစောညိန်းနှင့် ဂီတနက်သန် သမိုင်းကြောင်းနှင့် ပတ်သက်၍ အပြုစုနိုင်ဆုံး၊ အရေးသားသွားနိုင်ဆုံးသော စာရေးဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလတွင် ကျွန်တော် ရှာဖွေစုဆောင်းတင်ပြသော 'ဂီတကို ကဗျာမှု ပြုသူ ကိုစောညိန်း' စာအုပ် ပထမအကြိမ်အဖြစ် ထွက်ရှိလာပါသည်။ 'ရွှေရတုလွန် အမှတ်တရ ဂီတနက်သန်ကိုစောညိန်း စာစုများ' အဖြစ် ကံ့ကော်ဝတ်ရည် စာပေ တိုက်မှ စီစဉ်ထုတ်ဝေပေးခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ဆရာမော်ဝန်းကြည်မြတ် ရေးသားပြုစုသည့် 'ဂီတနက်သန် ဂန္ထဝင်ရေစီး' စာအုပ် ချမ်းသာစာပေတိုက်မှ ပထမအကြိမ်အဖြစ် ထွက်ရှိလာပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဆရာကြီး ဒေါက်တာမြင့်ခိုင် (ဥက္ကဋ္ဌ–ဒီပဲရင်း) ၏ အကူအညီဖြင့် ၎င်းစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာနိုင်ခဲ့ပါသည်။ ဆရာမော်ဝန်းကြည်မြတ်ပင် ရေးသားပြုစုသော 'ဂီတနက်သန် ကိုစောညိန်းနှင့် ဂီတနက်သန် မှန်ပြင်ရိပ်' စာအုပ် ယခုနှစ် ဖေဖော်ဝါရီလမှာပင် ကိုစောညိန်း ရာပြည့်အထိမ်းအမှတ်အဖြစ် ထွက်ရှိလာပါသည်။

ယခုတစ်ဖန် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ကျွန်တော် ရှာဖွေစုဆောင်းတင်ပြထားသော 'ဂီတကို ကဗျာမှုပြုသူ ဂီတနက်သန် ကိုစောညိန်း ရေးသားခဲ့သော စာစုများ' စာအုပ် ထွက်ရှိလာပါတော့မည်။ ရာပြည့်အထိမ်းအမှတ်အဖြစ် ကံ့ကော်ဝတ်ရည်စာပေတိုက်မှ ဂုဏ်ပြုထွက်ရှိလာမည် ဖြစ်သည်။ ဂီတနက်သန် ကိုစောညိန်း ကိုယ်တိုင် ရေးဆွဲခဲ့၊ ရေးသားခဲ့သော ကာတွန်းနှင့် ပန်းချီကားများ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများ၊ ကဗျာနှင့် စာညွှန့်များ၊ ပေးစာနှင့် သီချင်းစာသားများ စသည်ဖြင့် ပြည့်ပြည့်စုံစုံ စုစည်းဖော်ပြပေးထားသည်။ ထို့ပြင် ကိုစောညိန်း အကြောင်းမျှသာမက ဂီတနက်သန် သမိုင်းကြောင်းနှင့် ပတ်သက်သော မှတ်တမ်းဓာတ်ပုံများ၊ စာရွက်စာတမ်းများ၊ လက်ရေးမူများ၊ သမိုင်းအချက်အလက်များ စသည်ဖြင့် တတ်နိုင်သလောက် ဝေဝေဆာဆာ မှတ်တမ်းတင် ဖော်ပြပေးထားပါသည်။

၂၀၀၂ ခုနှစ် ဂီတနက်သန် ကိုစောညိန်း ကွယ်လွန်ခြင်း ရွှေရတုအခမ်းအနားတွင် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က 'ဂီတကို ကဗျာမှုပြုသူ ကိုစောညိန်း' (Musicalization of Poetry) ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင် ပြုစုဖတ်ကြားရန် ရည်ရွယ်ထားခဲ့ပါသည်။ သို့သော် ယင်းနှစ်မှာပင် ကင်ဆာရောဂါဖြင့် ဆရာကြီး ဘုန်းနိုင် ကွယ်လွန်သွားခဲ့ရသည့်အတွက် လွန်စွာ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ခဲ့ရပါသည်။ ကိုစောညိန်း၏ ရွှေရတုကို နှုတ်ဆက်သွားသော ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်အားလည်း လွမ်းဆွတ်တသ ဂုဏ်ပြုသောအားဖြင့် ၂၀၀၆ ခုနှစ်ထုတ် ရွှေရတုလွန်အမှတ်တရ စာအုပ်တွင် 'ဂီတကို ကဗျာမှုပြုသူ ကိုစောညိန်း' ဟု အမည်ပေးခဲ့ပါသည်။

ယခုထွက်ရှိလာမည့် ရာပြည့်အထိမ်းအမှတ် စာအုပ်အမည်ကိုလည်း ဆရာကြီးဘုန်းနိုင်၏ မတင်သွင်း၊ မဖတ်ကြားလိုက်ရသော စာတမ်းခေါင်းစဉ်ကိုပင် အမှတ်တရ ပြန်လည်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဂီတကို ကဗျာမှုပြုသူ ကိုစောညိန်း' ရွှေရတုလွန်စာအုပ်နှင့် ရာပြည့်အထိမ်းအမှတ် စာအုပ်နှစ်အုပ် ဖြစ်မြောက်လာအောင် အကူအညီများ ပေးခဲ့ကြသော ဂီတနက်သန် ကိုစောညိန်း၏ညီ ဦးလှဝေ ခေါ် ဦးနီ၊ တူမဖြစ်သူ ဒေါ်ထားထားရီနှင့် ၎င်း၏ခင်ပွန်း ဦးညိုလွင် (ကျွန်တော်၏ မိခင်နှင့် ဖခင်)၊ လမ်းညွှန်မှုများ ပေးခဲ့သည့် ဘဘနန်းညွန့်ဆွေနှင့် အဘွားဒေါ်ကြည်ဦး၊ ကုံးကော်ဝတ်ရည် စာပေတိုက်မှ ဆရာဦးကျော်ဇင် (ဘုန်းတင့်ကျော်) နှင့် ဇနီး ဒေါ်ပိုင်းပိုင်း၊ မြန်မာစာပါမောက္ခ (ငြိမ်း) ဆရာကြီးဦးအောင်သောင်း (ဆရာအောင်နိုင် – လှတောသား)၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးဟောင်းဖြစ်သည့် ဒေါ်ခင်နှင်းဦး၊ စာရေးဆရာ တင်နိုင်တိုးတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။ စာမူကြမ်းများ စာအုပ်ဖြစ်လာသည်အထိ ပံ့ပိုးကူညီပေးခဲ့ကြသော ကိုဇူးကျော်နှင့် ကုံးကော်ဝတ်ရည်စာပေတိုက်မှ မနှင်းဆီတို့၏ ကျေးဇူးတရားကိုလည်း မေ့ထားလို့ မရနိုင်ပါ။ ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူး တင်ရှိပါသည်။ အမည်နာမများ ကျန်ရှိခဲ့လျှင် မေတ္တာရှေ့ထား၍ နားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုကြိုးပမ်းဆောင်ရွက်ချက် မှန်သမျှသည် တစ်ခေတ်တွင်တစ်ယောက် ထွန်းပေါက်ခဲ့သော ပါရမီရှင် ဂီတနက်သန် ကိုစောညိန်းအား နှမြောတသ ကန်တော့လိုက်ရခြင်းပင် ဖြစ်ပါသည်။

မေတ္တာရှည်လျက် ...
စောနိုင်ဦး
၄.၃.၂၀၂၅ (အင်္ဂါနေ့)

✦

mgyoe.com

mgyoe.com
SAMPLE BOOK


## ၅။ ရက္ခမူနိဗ္ဗိန္ဒ – ၈၀ ပေါ် တေးထပ်

သုံးဆယ့်တစ်ခွင်ဘုံဌာန
သမုဒယချုပ်ကြိုးတွေရှုပ်သည်
လောကီလောကသံသရာရှည်ကို
စက်ဆုပ်မသတိ ပျို့ညှိရွံ့လို့မုန်း။။။
ကြုံလာပြန်လာ ချစ်စိတ်နာကို
တရားရှုသာပယ်ဖျက်ခွာမည့်ဘုန်း။ ။
ကိလေသမီး ထောင့်ငါးရာငယ်
လောင်ကြွမ်းဝေဒနာ ပြေနိုင်တုန်း
ဝတ်ကြောင် ဖွတ်ရောင် ညွှတ်နှောင်ထုံးမှ
လွတ်အောင်ကျင့်သုံး စုံတောခိုတော့မည်။ ။
လျှော်တေဖန်ဝါ စိပ်ပုတီးနဲ့
မြိုင်ယံရိပ်ကြီး ကိုယ်ထည်းရှောင်ဘို့ရည်။ ။
ချောက်မြောင်ရှိုကွေ့သာသည့်ဆီတွင်
သီလဆောက်တည် သမထနှင့်
ရက္ခမူလ ဓမ္မရှာမှီးဆောင်
နိဗ္ဗာန်ဌာန ပြည်မနဲ့ နီးအောင်။ ။
ကြွမ်းလောင်ထွေးရှုပ် ဤလူ့ဘောင်ဝယ်
တစ်ခဏလေးတောင် မပျော်ဝံ့ပြီတဲ့လေး။ ။

၁၃၀၄ ခု၊ နတ်တော်လဆန်း ၂ ရက်
(ကိုစောညိန်း၏ လက်ရေးစာမူကြမ်းမှ)

+

mgyoe.com

mgyoe.com
SAMPLE BOOK


## ၉။ တန်ခူးလ – မိဿရာသီဘွဲ့အဲ

ဗုဒ္ဓသာ – ပူဇနမာမိဝန္ဒာမေ
စိတြေငယ်မှ တာရာမေ။ ။ မိဿရာသီ ယုနစ္ခန္ဓီနှင့် တူညီထွန်းပ ရောင်ခြည်ဝေကြွေလို့ပျံ အာကာငယ်မှလေး။ ။ သကြ်န်ငယ်မှအကူး ရေသွန်းခါချိန် ဒေါင်းရဝိန်ဟု ဖန်အိမ်ရောင်ခြည် လင်းမှေးငယ်ချီသည်၊ ရာသီဦးမို့ တန်ခူးမှန္တေခါ။ ။

ကုံ့ကော်ဝတ်မှုန် ရင်ကပ်ရုံနှင့် သင်းထုံငယ်ဝေ ရွက်ဟောင်းချွေလို့ လေပြည်ငယ်ဖြာသည် ပန်းဝတ်ညှာ ဘယ်ညာသွဲ့၍ နွဲ့နွဲ့ငယ်ယိမ်း။ ။လေရှူးမှသုန်သုန် ရာသီအခါ မြတ်တာရာနှင့် အာကာတိမ်ဦး မိုးသားကြူး၍ ပွင့်ဖူးငုံသည် ဝတ်မှုန်ငယ်စီ ရောင်ခြည်ရှင်းသန့် ဝင်းဖန့်ဖန့်နှင့် သက်တံ့တိမ်ခွင် လေမိုးငယ်ဆင်၍မို့ မင်းလွင်ငယ်ရီသော် မိုန်တစ်ချီ ခါတစ်လှဲ့တွင် ပြာလဲ့လဲ့မှိုင်း။ ။ ပြင်နာရီ ငါးချိန်မှန်ထား၍ အဝါးသုံးပြန် နေခြည်လျှံ၍ ဒေါင်းဖန်သူရ မွန်းတည့်တွင်ကျလို့ မိုးလရာသီ ဂိန္နာဝယ် ရှိန်ဝါငယ် ရောင်ခြည်ဖြာလေတော့ ယမုံနာရေပြင်ပေါ်က ဇင်ယော်ဝဲ။ ။

၁၃၀၁ ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက်၊ ကြာသပတေးနေ့
(ကိုစောညိန်း၏ လက်ရေးစာမူကြမ်းမှ)

+

## ၁၀။ မိုးနေ့အလွမ်း

တာရာမှေးလျက်–
ရေးရေးရိပ်ရိပ်၊ မိုးတိမ်လိပ်တို့၊ ဆိုပိတ်ကွန်မြူး၊ ရောင်မဖြူးသား၊ သောက်ရှူးသော်တာ၊ ကြယ်ဥပါလည်း၊ ရောင်ဝါမလက်၊ မှိန်တစ်ချက်ဖြင့်၊ ပြာညက်ကောင်းကင်၊ ဝဠာပြင်ဝယ်၊ ကိုးခွင်ရေမြေ၊ မှိုင်းမှိုင်းဝေမျှ၊ တိမ်လေနှင်းမြူ ဆိုင်းပိတ်မူသော်၊ ဝင်းဖြူမလင်း၊ ရောင်မဝင်းတည့်၊ လမင်းသော်တာ၊ ငွေစန္ဒာလည်း၊ အာကာဝေဟင်၊ မိုးတိမ်ပြင်ကို၊ တိုးဝင်မစွမ်း၊ ရောင်ဝါနွမ်း၏၊ လဆန်းမဟုတ်၊ ရောင်ဝါယုတ်သား၊ လဆုတ်ပက္ခ၊ သမယမို့၊ တာရာ့စုဝင်၊ ခုနစ်စဉ်လည်း၊ မိုးပြင်တိမ်ခြေ၊ ရောင်မျှဝေသည်။ ။
ရေမြေရေးရေး မှုန်မှေးမှေး။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## ၁၃။ အလွမ်းရတုပေါင်းများ (နှစ်)

မှိုင်းရီညို့လျက်

ဖြို့၏ဖျားစွန်
ဘယ်ဝင်ဖန်၍ ပျော်စံရသည်
တွေးဆရည်သော် မဆီနိုင်မျှ
အဆွေးကြွလျက် ရှေးကချမ်းသာ
ရတနာနှင့် ဥစ္စာရွှေငွေ
ဆန်ရေစပါး ကျွဲနွားမြင်းဆင်
လိုင်မတ ပြည့်စုံရသည်
ငယ်ကအကြောင်း အဖြစ်ဟောင်းကို
ပြန်ပြောင်းသတိ ရခဲ့မိ၍
စုံပြည့်ပျော်ရှင် ဟိုယခင်က
ချစ်ခင်ပေါင်းသင်း သူငယ်ချင်းဟု
ရောင်းရင်းဟူက ရှိသမျှကို
တွေ့ရခဲ့စေ အလွမ်းပြေဟု
မျက်ရည်စိုစို ရင်ဆို့ဆို့နှင့်
မယ်တို့စံရာ မြို့ဟံသာသို့
တစ်ခါတစ်ခေါက် ရောက်သည်တစ်နေ့
မြင်မျှော်တွေ့သော်
လှမ်း၍မသွေ ကြည့်မိသည်။ ။
လှမ်း၍သေချာ ရှုတော့သည်။ ။

မယ်တို့ဌာနီ

ရောက်ခဲ့သည်တွင်
သာကြည်ရှပ်ဆင်း ကျော့ကျော့ရှင်းနှင့်
ပြတင်းမှန်ကာ ဆောင်လေသာမှ
မျှော်ခါရှုကြည့် ပြုံးပြန်လှည့်သော်
ဖြူသည့်သွားနှ ပုလဲဥတွင်
တစ်ခုချန်လှပ် စွယ်သွားထပ်ကို
ပြက်ပြက်ထင်ထင် ခဏစဉ်တွင်

mgyoe.com

